မျက်စိထိခြင်းမှ ကာကွယ်ရန်အတွက် ကုလားအုတ်လည်ပင်း၌ချည်ထားသော မည်သည့်ခေါင်းလောင်းကြိုးနှင့်

ခမည်းကြိုးကိုမဆို မချန်ထားဘဲ ဖြတ်တောက်ပစ်ရန်

မှာကြားတော်မူခဲ့သည်။

အဗူဗရှီးရ် အလ်အန်ဆွာရီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်သည်။ သူသည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)နှင့်အတူ ခရီးစဉ်တစ်ခု၌ရှိခဲ့သည်။
လူတို့သည် မိမိတို့၏ တည်းခိုရာနေရာ၌ရှိနေစဉ် ကိုယ်တော်က အစေတော်တစ်ဦးအား
စေလွှတ်၍ မျက်စိထိခြင်းမှ ကာကွယ်ရန်အတွက် ကုလားအုတ်လည်ပင်း၌ ချည်ထားသော
မည်သည့်ခေါင်းလောင်းကြိုးနှင့် ခမည်းကြိုးကိုမဆို မချန်ထားဘဲ ဖြတ်တောက်ပစ်ရန်
မှာကြားတော်မူခဲ့သည်။
[صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိ၏ခရီးစဉ်တစ်ခု၌ ရှိနေခဲ့သည်။လူတို့သည် မိမိတို့ ညအိပ်စက်နားနေသည့် နေရာများ၊ ရွက်ဖျင်တဲများတွင်ရှိနေကြစဉ်ကိုယ်တော်သည် ပုဂ္ဂိုလ်တစ်ဦးအား ၎င်းတို့ထံ စေလွှတ်၍ ကုလားအုတ်လည်ပင်း၌ချည်ထားသောကြိုး (လေးကိုင်းကဲ့သို့ဖြစ်စေ) သို့မဟုတ် ခေါင်းလောင်းဖြစ်စေခြေထောက်များတွင်ချည်သည့်ကြိုးဖြစ်စေ၊ မည်သည့်အရာကိုမဆို ဖြစ်တောက်ပစ်ရန်အမိန့်ပေးတော်မူခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် လူတို့သည် မျက်စိထိခြင်းမှကာကွယ်ရန်အတွက် ထိုကြိုးများကို ချည်နှောင်ထားကြခြင်းဖြစ်သည်။ ကိုယ်တော်သည်၎င်းတို့ကို ဖြတ်ပစ်ရန် အမိန့်ပေးတော်မူခြင်းမှာ ထိုအရာများသည် ၎င်းတို့ထံမှမည်သည့်ဘေးဒုက္ခကိုမျှ မဖယ်ရှားပေးနိုင်သည့်အတွက်ဖြစ်သည်။ မုချဧကန်ကောင်းကျိုးနှင့် ဆိုးကျိုးသည် ဖက်စပ်ယှဉ်တွဲခြင်း ကင်းတော်မူသောတစ်ပါးတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ် လက်တော်၌သာရှိပေသည်။

http://sunnah.global/hadeeth/my/show/6761